# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ်ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားတဲ့အခါမှာ ခွင့်ရက်ကိုသာ ဖော်ပြရန်ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပထမ အကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့(၂၀-၁-၂၀၁၄) တနင်္လာနေ့မှာ အစည်းအဝေးတက်ရောက်သူ ၃၅၀ ဦးရှိပြီးတော့ ခွင့်ပန်ကြားသူ ၇၂ ဦးရှိပါတယ်။ ၉ ဦးကတော့ ယခင်တိုင်ကြားပြီးဖြစ်ပြီးတော့ ယနေ့ခွင့်တိုင်ကြားသူ ၆၃ ဦးရှိပါကြောင်း ရိုသေလေးစားစွာ တင်ပြ အပ်ပါတယ်။ ခွင့်တိုင်ကြားတဲ့ ၆၃ ဦးစာရင်းကို ကျွန်တော့်အနေနဲ့ဖတ်ကြားတင်ပြပါမယ်။

(၁) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁၅ ရက်၊

(၂) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၆) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၉) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၂ ရက်၊

(၁၀) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၁၁) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၃ ရက်၊

(၁၂) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၂ ရက်၊

(၁၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၄) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၁၅) အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၁၆) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၁၇) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၁၈) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း ပြီးဆုံးသည်အထိ၊

(၁၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၂၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၂၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၂၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၂၃) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂၄) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၂၅) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၂၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၅ ရက်၊

(၂၈) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၂ ရက်၊

(၂၉) ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၃၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၇ ရက်၊

(၃၁) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၂ ရက်၊
(၃၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊
(၃၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊
(၃၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၅ ရက်၊
(၃၅) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၅ ရက်၊
(၃၆) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊
(၃၇) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊
(၃၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၅ ရက်၊
(၃၉) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊
(၄၀) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၅ ရက်၊
(၄၁) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄၂) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊
(၄၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၅ ရက်၊
(၄၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊
(၄၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၄၆) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊
(၄၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၄၈) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊
(၄၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊
(၅၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊
(၅၁) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊
(၅၂) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊
(၅၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်၊
(၅၄) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊
(၅၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊
(၅၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၅၇) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၅၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၅၉) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၆၀) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၆၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၆၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၆ ရက်၊

(၆၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက် စုစုပေါင်း ၆၃ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး ယနေ့ ခွင့်ပြုထားသူ ၆၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အစိုးရဌာနဆိုင်ရာများတွင် လုပ်သက်(၁၀)နှစ်နှင့်အထက်ရှိပြီး အပြစ်မရှိဘဲအကြောင်းအမျိုးမျိုး ကြောင့်နုတ်ထွက်ခဲ့ကြရသော နိုင်ငံ့ဝန်ထမ်းဟောင်းများအား ပင်စင်လစာခံစားခွင့်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအူးရယ်(ဖရူဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် လေ့လာသူဧည့်သည်တော် များခင်ဗျား။ ကျက်သရေမင်္ဂလာပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအူးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရဌာနများမှာ လုပ်သက် ၁၀ နှစ်နှင့် အထက်ရှိပြီး အပြစ်အနာအဆာတစ်စုံတရာမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားခဲ့ရတဲ့ နိုင်ငံ့ဝန်ထမ်း ဟောင်းများအား ပင်စင်လစာငွေခံစားခွင့်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းနှင့်ပတ်သက်ပြီး အကျိုးအ ကြောင်း အနည်းငယ်ရှင်းလင်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့ သောဌာနဆိုင်ရာဝန်ထမ်းများဟာ အလွန်တရာမှရိုးသားဖြောင့်မတ်ပြီး နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေလျက် အထက်ကပေးအပ်သည့် တာဝန်ဝတ္တရားများကို မခိုမကပ်ဘဲ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါတယ်။ ၎င်းတို့ရဲ့ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် နိုင်ငံတော်က ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်တံဆိပ်နဲ့ လက်မှတ်များကိုပင် ရရှိခဲ့ကြသူများဖြစ်ပါတယ်။ သို့ရာတွင် တာဝန် ထမ်းဆောင်စဉ်မှာ မိသားစုများနဲ့ ကာလကြာရှည်စွာ ခွဲခွာနေရခြင်းကြောင့်သော်လည်းကောင်း၊ မိသားစုစားဝတ်နေရေး ခက်ခဲမှုများကြောင့်သော်လည်းကောင်း၊ အုပ်ချုပ်သူအထက်အရာရှိတို့ရဲ့ မလျော်ဩဇာသုံးပြီး မတော်မတရားခိုင်းစေမှုများကြောင့်သော်လည်းကောင်း၊ မတော်မတရားဖိနှိပ်ချုပ် ချယ်မှုများကြောင့်သော်လည်းကောင်း၊ နှိမ့်ချခွဲခြားဆက်ဆံရမှုများကြောင့်သော်လည်းကောင်း၊ ရသင့် ရထိုက်တဲ့လစာငွေများကို အပြည့်အဝမခံစားရဘဲ အကြောင်းအမျိုးမျိုးပြပြီး လစဉ်ဖြတ်တောက်ခံနေရ ခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ပျက်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့မှအစ မခံမရပ်နိုင်ဖြစ် ကြရာမှ နောက်ဆုံးတွင် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ကြရသူများ နိုင်ငံနှင့်အဝှမ်း ကြားသိတွေ့မြင်နေ ကြရပါတယ်။

သာဓကအနေနဲ့တင်ပြရသော် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်လျက်ရှိပြီး အသက် ၅၈ နှစ်နဲ့ လုပ်သက် ၃၃ နှစ်ရှိတဲ့ ဆရာဦးစိုင်းမြမောင်ဟာ မိသားစုစားဝတ်နေရေး အဆင်မပြေမှုများကြောင့် လုပ်သက်ပင်စင်ခံစားခွင့် ရရှိရေးအတွက် လျှောက်ထားရာမှာ အထက်အရာရှိက ခွင့်မပြုဘဲ ငြင်းပယ်ခံရတဲ့အတွက် စိတ်ဓာတ်ကျပြီး နောက်ဆုံးတွင် ဝန်ထမ်းအဖြစ်မှ နှုတ်ထွက်ခဲ့ရ၍ ယခုအခါ မိသားစုစားဝတ်နေရေးအတွက် ရေခဲချောင်းရောင်းရတဲ့ ဘဝရောက်ခဲ့ရကြောင်း သိရှိရပါတယ်။

အလားတူ ယင်းတက္ကသိုလ်၌ပင် လုပ်သက် ၂၅ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကယားပြည်နယ်က ဆရာဦးပဲလူသည်လည်း ယင်းကျောင်းရဲ့အကျိုးတော်ဆောင် ၎င်းရဲ့အမတစ်ယောက် လုပ်ကြံခြင်းခံရတဲ့အတွက် ကျန်ရှိတဲ့၎င်းအမရဲ့ မိသားစုများ အား စောင့်ရှောက်ပေးဖို့အလို့ငှာ ဝန်ထမ်းအလုပ်လုပ်၍ ပညာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်တဲ့ မေတ္တာရှည်ဘော်ဒါဆောင်ဖွင့်လှစ်ခဲ့မှုကြောင့် အထက်အရာရှိနဲ့ အချဉ်းများရာမှ နှုတ်ထွက်သွားခဲ့ရကြောင်း သိရှိရပါတယ်။ ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦးဟာ ဝန်ထမ်းဘဝမှာ တာဝန်ကျေပွန်ခဲ့ရုံသာမက ၈၈ အရေးအခင်းကာလမှာ ယင်းတက္ကသိုလ် အပေါ်၌ကျရောက်နိုင်မယ့် အန္တရာယ်ဟူသမျှကို ရှေ့ဆုံးမှပါဝင်ပြီး သက်စွန့်စံဖျားကာကွယ်ခဲ့ကြသူများဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

ထိုနည်းတူစွာ နိုင်ငံတော် တစ်နံတစ်လျားမှာ ယင်းကဲ့သို့ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှုတ်ထွက်ခဲ့ရပြီး ခံစားခွင့်တစ်စုံတရာ မရရှိသည့် နိုင်ငံ့ဝန်ထမ်းဟောင်းများ အများအပြားရှိနေနိုင်ပါတယ်။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို နိုင်ငံတော်အနေနဲ့ လျစ်လျူရှုမထားဘဲ ထိုက်သင့်သောခံစားခွင့်နှင့် စောင့်ရှောက်မှုများရရှိရေးအတွက် ပြန်လည်စဉ်းစားပေးသင့်သည်ဟု ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ်ပါတယ်။ အစိုးရဌာနဆိုင်ရာများတွင် လုပ်သက် ၁၀ နှစ်နှင့်အထက်ရှိပြီး အပြစ်အနာအဆာ တစ်စုံတရာမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် နှုတ်ထွက်ခဲ့ရသော နိုင်ငံ့ဝန်ထမ်း ဟောင်းများအား ပင်စင်လစာခံစားခွင့်ရှိ/မရှိနှင့် အကယ်၍ မရှိပါက မည်သည့်အကြောင်းကြောင့်မရှိသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအူးရယ်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ဆန္ဒအရနုတ်ထွက်ခြင်း၊ ဌာနနှင့် ကင်းကွာခြင်းတို့အတွက် ဝန်ထမ်းများရဲ့ ယခင်ထမ်းဆောင်ခဲ့တဲ့ အမှုထမ်းသက်နှင့်ပတ်သက် ပြီးတော့မှ တည်ဆဲဝန်ထမ်းစည်းမျဉ်းဥပဒေများ တင်ပြပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကတော့ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၄၁၈(က) အရ ဝန်ထမ်းရဲ့ဆန္ဒအရ နုတ်ထွက်သည့် ဝန်ထမ်းများရဲ့ ယခင်အမှုထမ်းသက်များဟာ ဆုံးရှုံးစေသည်ဟုလည်းကောင်း၊ မူလအခြေခံနည်းဥပဒေ ၁၈ အရ ဝန်ထမ်းတစ်ဦးဟာ ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်ဖြင့်မဟုတ်ဘဲဖြစ်စေ အလုပ်ခွင်မှ တစ်ဆက်တည်း ၅ နှစ် ကင်းကွာနေခဲ့သော် ဝန်ထမ်းအဖြစ်မှ အလိုအလျောက်ရပ်စဲပြီး ဖြစ်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေပါ အခန်း(၁၂) အငြိမ်းစားယူခြင်း ပြဋ္ဌာန်းချက်များမှာ ဝန်ထမ်းများအနေနဲ့ ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်နှင့်ကိုက်ညီမှသာ ပင်စင်ခံစားခွင့်ရှိမှာ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကတော့ သတ်မှတ်ထားတဲ့ အသက်ပြည့်၍ ပင်စင်ယူခွင့်ပြုခြင်း၊ သတ်မှတ်ထားသော လုပ်သက်နှစ်ပြည့်၍ ပင်စင်ယူခွင့်ပြုခြင်း၊ မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သောအခါတွင် သတ်မှတ်ထားသော ဆေးအဖွဲ့ရဲ့ထောက်ခံချက်ဖြင့် နာမကျန်းပင်စင်ခံစားခွင့်ရရှိခြင်း၊ ဌာန၏ဖွဲ့စည်းပုံ ဖျက်သိမ်းသဖြင့် လျော်ကြေးပင်စင် ခံစားခွင့်ရရှိခြင်း၊ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိခြင်း သို့မဟုတ် ထိခိုက်အနာတရဖြစ်၍ အထူးပင်စင်ခံစားခွင့်ပြုခြင်း၊ အသက် ၅၅ နှစ်ပြည့်ပြီး လုပ်သက် ၂၀ နှစ်ပြည့်ပြီးသော ဝန်ထမ်း၊ အသက် ၅၀ နှစ်ပြည့်ပြီး လုပ်သက် ၂၅ နှစ်ပြည့်ပြီး

သော ဝန်ထမ်းများသည် လျော့ပေါ့ပင်စင်လျှောက်ထားနိုင်ခြင်း၊ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန် အနိစ္စရောက်သဖြင့် မိသားစုပင်စင်လျှောက်ထားနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ အပြစ်အနာအဆာမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခဲ့ကြရသော ဝန်ထမ်းဟောင်းများရဲ့ ယခင်အမှုထမ်းသက်များ အတွက် ပင်စင်အကျိုးခံစားခွင့် ခွင့်ပြုပေးရန် ပြဋ္ဌာန်းချက်မရှိပါသဖြင့် ပင်စင်လစာခံစားခွင့် မရှိခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ပင်စင်စားဝန်ထမ်းများသည် ပင်စင်လဲလှယ်ခွင့်ရရှိပြီး လဲလှယ်သည့်နှစ် စေ့ရောက်ပြီးကာလ၌ မူလ ပင်စင်လစာများကို ပြန်လည်ခံစားခွင့်ရှိ/မရှိနှင့် နိုင်ငံရေးအရ ပြစ်ဒဏ်ကျခံပြီးသော ပင်စင်စားဝန်ထမ်း များ၏ ပင်စင်လစာခံစားခွင့်ကို ပြန်လည်လျှောက်ထားခွင့်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များရှင့်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်အပ်ပါ တယ်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ပင်စင်စားဝန်ထမ်းများနှင့် ယုံကြည်ချက် ကြောင့် ပြစ်ဒဏ်ကျခံပြီး ဝန်ထမ်းများ မိမိတို့ရဲ့ပင်စင်လစာများ ဆုံးရှုံးခံရခြင်းအကြောင်းကို အကူ အညီတောင်းခံတဲ့အတွက် ၎င်းတို့ကိုယ်စား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ၎င်းမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းမှာ ပင်စင်လစာဝန်ထမ်းအချို့သည် မိမိတို့ခံစားခွင့်ရှိသည့် ပင်စင်လ စာအနက်မှ ၅၀ ရာခိုင်နှုန်းကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်ကို လျှောက်ထားပြီးတော့ ပင်စင်ဦးစီးဌာန၏ခွင့်ပြုချက်နှင့် တစ်လုံးတည်းပင်စင်ကို ခံစားခွင့်ရရှိခဲ့ကြပါသည်ဟု အဆိုပါဝန်ထမ်း များသည် အခုအချိန်တွင် မိမိတို့လဲလှယ်ခဲ့သည့် တစ်လုံးတည်းပင်စင်ရဲ့ နှစ်များရဲ့သက်တမ်းဟာစေ့ ရောက်နေပြီဖြစ်သဖြင့် ၎င်းတို့ရဲ့ မူလလစာသို့ပြန်လည်ပြီးတော့ ခံစားခွင့်ရှိ/မရှိကို သိရှိလိုကြောင်း တင်ပြလာခဲ့ကြပါသည်။ အကြောင်းအရင်းမှာ ၎င်းဝန်ထမ်းတို့သည် မိမိတို့ပင်စင်ကို လဲလှယ်စဉ် အကြိမ်က ၃၅ ကျပ်နှုန်းနဲ့လဲလှယ်ခဲ့သည့် ပင်စင်လစာများမှာ ယခုအချိန်တွင် နိုင်ငံတော်အစိုးရ၏ စေတနာ၊ မေတ္တာဖြင့် ပင်စင်လစာနဲ့လစာများကို အကြိမ်ကြိမ်တိုးမြှင့်ပေးခဲ့ရာတွင် ၎င်းတို့ရရှိသည့်

ပင်စင်လစာများအနက်မှ လစာ၏ထက်ဝက်သည် သောင်းဂဏန်းအထက်ပင်နှုတ်ယူခြင်းခံနေခဲ့ရပါသည်။

သို့ပါ၍ ၎င်းတို့အနေဖြင့် များစွာထိခိုက်နစ်နာကြောင်း ပြောဆိုလာခဲ့ကြပါသည်။ ၎င်းအပြင် လွန်ခဲ့သည့် တစ်လခန့်က စာစောင်အချို့တွင်လည်း ပင်စင်စားဝန်ထမ်းတစ်ဦးမှ ၎င်းရောင်းချထားသည့် တစ်လုံးတည်းပင်စင်ကို အကယ်၍ ပြန်လည်၍ ပြန်ရောင်းချနိုင်ခွင့်ရှိသည်ဆိုလျှင် ပြန်လည်ရောင်းချလိုကြောင်း အဘယ်ကြောင့်ဆိုသော် ၎င်း၏လက်ရှိလစာမှာ ရောင်းချခဲ့စဉ်ကထက် အဆပေါင်းများစွာ နှုတ်ယူခြင်းခံနေရခြင်း များစွာနစ်နာခဲ့ကြောင်းကို ရေးသားထားသည်ကိုလည်း ဖတ်ရှုခဲ့ရပါသည်။ ၎င်းအပြင် နိုင်ငံရေးအရ ယုံကြည်ချက်ကြောင့်ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွတ်မြောက်လာသည့် ပင်စင်စားဝန်ထမ်းအချို့ကလည်း ၎င်းတို့ဆုံးရှုံးနစ်နာခဲ့သည့် ပင်စင်လစာများကို ပြန်လည်၍ ခံစားခွင့် ရှိ/မရှိကို သိရှိလိုကြောင်းလည်း မေးမြန်းပေးပါရန် လာရောက်စုံစမ်းခဲ့ကြပါသည်။ ဥက္ကဋ္ဌကြီးရှင့်။ သို့ပါ၍ အဆိုပါဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ရရှိပြီး လဲလှယ်ခဲ့သည့်နှစ်ကာလစေ့ပြီးကာလတွင် အဆိုပါဝန်ထမ်းများသည် မိမိတို့၏မူလလစာသို့ ပြန်လည်၍ခံစားခွင့်ရှိ/မရှိကိုလည်းကောင်း၊ ပြစ်ဒဏ်မှလွတ်မြောက်ပြီးသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့ဆုံးရှုံးခဲ့ရသည့် ပင်စင်လစာများကို ပြန်လည်၍ ခံစားခွင့်ရှိ/မရှိကိုလည်းကောင်း သိရှိလိုပါကြောင်း မေးမြန်းရပါသည်။ အကယ်၍ ခံစားခွင့်မရှိဟု ဆိုပါကလည်း အဘယ်ကြောင့်ဟု သိရှိလိုပါကြောင်း မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်ရှင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ပင်စင်စား

ဝန်ထမ်းများဟာ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ရရှိပြီး လဲလှယ်သည့်နှစ်စေ့ရောက်ပြီးကာလ၌ မူလ ပင်စင်လစာ အပြည့်အဝပြန်လည်ခံစားခွင့်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပင်စင်စားဝန်ထမ်းများကို တစ်လုံးတစ်ခဲတည်းပင်စင်လဲလှယ်ပေးခြင်းဟာ ပင်စင်စားများ ရဲ့ဆန္ဒကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသာဖြစ်ပါတယ်။ ဝန်ထမ်းများအငြိမ်းစားယူခွင့်ရ တဲ့အခါမှာ နိုင်ငံတော်မှငွေလုံးငွေရင်းအဖြစ် လုပ်သက်ဆုငွေကို တစ်ကြိမ်တည်းအပြီးအပြတ်ထုတ်ပေး ပြီး နေ့စဉ်၊ လစဉ်နေထိုင်စားသောက်စရိတ်အတွက်ကို ပင်စင်လစာကို လစဉ်ထုတ်ပေးပါတယ်။ တစ်လုံးတစ်ခဲတည်းပင်စင်ကို ပင်စင်စားရဲ့အခက်အခဲကို ဖြေရှင်းပေးသည့်အနေနဲ့ လစဉ်ထုတ်ယူခွင့် ရှိတဲ့ ပင်စင်လစာထဲမှ အစိတ်အပိုင်းတစ်ရပ်ကို လစဉ်ထုတ်ယူခြင်းအစား တစ်လုံးတစ်ခဲတည်းပင်စင် အဖြစ် လဲလှယ်ထုတ်ပေးခြင်းသာဖြစ်ပါတယ်။ ယခင် ဘဏ္ဍာရေးနှင့်အခွန်ဌာန၊ ပင်စင်ဌာနခွဲရဲ့ ၁၄-၅-၁၉၄၇ ရက်စွဲပါအမိန့်ကြော်ငြာစာမှာ ဖော်ပြထားတဲ့တွက်ချက်မှုမှာ ပင်စင်စားရဲ့အသက်အရ မြို့ပြ တစ်လုံးတည်းပင်စင်လဲလှယ်ရေး နည်းဥပဒေဇယားပါ သတ်မှတ်လဲလှယ်ရမယ့်နှစ်အရေအတွက်နဲ့ တွက်ချက်ပေးခြင်းဖြစ်ပါတယ်။ လဲလှယ်မည့်ပင်စင်လစာကို လစဉ်ထုတ်ယူခြင်းအစား နည်းဥပဒေပါ အတိုင်းတွက်ချက်၍ တစ်ကြိမ်တည်းစုပေါင်း၍ ကြိုတင်ထုတ်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် လဲလှယ်တဲ့နှစ်စေ့ရောက်မယ့်နှစ်မရှိတော့ပါ။ မြို့ပြတစ်လုံးတည်းပင်စင်လဲလှယ်ရေး နည်းဥပဒေ ၈(၃) အရ တစ်လုံးတည်းလဲလှယ်ခဲ့တဲ့အစိတ်အပိုင်းဟာ လဲလှယ်ခွင့်ပြုသည့်နေ့မှစ၍ ရပ်ဆိုင်းကြောင်း ပြဋ္ဌာန်းထားပါတယ်။ ပင်စင်စားရဲ့လဲလှယ်ခဲ့ပြီးသော ပင်စင်လစာရဲ့အစိတ်အပိုင်းဟာ အပြီးအပြတ် ရပ်ဆိုင်းသွားပြီဖြစ်တဲ့အတွက် လဲလှယ်ပြီး လက်ကျန်ပင်စင်ကိုသာ လစဉ်ထုတ်ယူခွင့်ရှိပါကြောင်းနဲ့ ပင်စင်လစာ အပြည့်ပြန်လည်ထုတ်ပေးခွင့်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့နိုင်ငံရေးအရ ယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံရပြီးတဲ့ ပင်စင်စားဝန်ထမ်းများအား ပြစ်ဒဏ်ကျခံရမှုမှ လွတ်မြောက်လာပြီးသည့်နောက်ပိုင်း ဆုံးရှုံးမှုခံရတဲ့ မိမိ ရဲ့ပင်စင်လစာခံစားခွင့်ကို ပြန်လည်လျှောက်ထားခွင့်ရှိ/မရှိ မေးမြန်းမှုကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပင်စင်စားဝန်ထမ်းများ ပြစ်ဒဏ်ကျခံရခြင်းနှင့်ပတ်သက်ပြီးတော့ မြို့ပြဝန်ထမ်းစည်းမျဉ်း ဥပဒေအပိုဒ် ၃၅၁ ပါပြဋ္ဌာန်းချက်အရ ပင်စင်လစာ(မိသားစုပင်စင်အပါအဝင်) ခွင့်ပြုရာမှာ အငြိမ်းစား ဟာ ကောင်းမွန်စွာနေထိုင်ရမယ်ဟူသော စည်းကမ်းချက်ပါဝင်ပြီးဖြစ်ပါတယ်။ အငြိမ်းစားတစ်ဦးဟာ ကြီးလေးသောပြစ်မှုတစ်ရပ်ရပ်ကြောင့် တရားရုံးပြစ်ဒဏ် ချမှတ်ခံရလျှင်ဖြစ်စေ၊ ဆိုးရွားသော မလျော်

ကန်တဲ့အပြုအမူတစ်ရပ်ရပ်ကို ကျူးလွန်လျှင်ဖြစ်စေ၊ ၎င်းထုတ်ယူလျက်ရှိတဲ့ ပင်စင်လစာကိုရပ်ဆိုင်းခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်ပါတယ်။

ပြစ်ဒဏ်ကျခံရတဲ့အငြိမ်းစားဟာ ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်မြောက်လာပါက ရပ်ဆိုင်းထားသောပင်စင်လစာကို ပြန်လည်လျှောက်ထားလိုပါက ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၁၁-၉-၁၉၈၉ ရက်စွဲပါစာအမှတ် ဘ-၂(၄)၅/၂(၇၉၉/၈၈) အရ ပင်စင်ထုတ်ယူခဲ့တဲ့ မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် သက်ဆိုင်ရာ ပင်စင်လစာထုတ်ပေးတဲ့ လုပ်ငန်းအဖွဲ့အစည်းတို့သို့ ပေးပို့လျှောက်ထားနိုင်ပါတယ်။ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းက ပင်စင်စားရဲ့ လျှောက်ထားလာတဲ့ အထောက်အထားများနှင့်အတူ ပင်စင်စားကို မည်သည့်နေ့ရက်အထိ ပင်စင်လစာ နောက်ဆုံးထုတ်ပေးပြီးဖြစ်ကြောင်း ထောက်ခံချက်ပူးတွဲပြီး ပင်စင်ဦးစီးဌာနကို ပေးပို့ရပါတယ်။ ပင်စင်ဦးစီးဌာနဟာ မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၄၃ ပါပြဋ္ဌာန်းချက်နှင့်အညီ ပင်စင်စားနေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြစ်ဒဏ်မှလွတ်မြောက်လာသော ပင်စင်စားရဲ့ ပင်စင်လစာရဲ့ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ရပ်ဆိုင်းထားရန်ရှိ/မရှိ သဘောထားမှတ်ချက်တောင်းခံရပါတယ်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်နှင့်အညီ ပင်စင်စားရဲ့ပင်စင်လစာကို ပြန်လည်ထုတ်ယူခွင့်ပြုပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပင်စင်စားဟာ ကြီးလေးတဲ့ပြစ်မှု၊ ဆိုးရွားသော မလျော်ကန်သည့်ပြစ်မှုကို ကျူးလွန်ခဲ့ခြင်းကြောင့် ပင်စင်လစာကို ပြန်လည်ရုပ်သိမ်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက ပင်စင်စားရဲ့ပင်စင်လစာကို အပြီးအပိုင် ရုပ်သိမ်းရမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ၌ ပြဋ္ဌာန်းထားချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ မှာဆိုထားချက်နဲ့၊ ဖော်ပြထားချက်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မညီညွတ်

တဲ့အကြောင်းကို မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ မှာ ဖော်ပြထားတာက မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည် ပုဒ်မ ၇ အရ ဖွဲ့စည်းထားသောအဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည် ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရရှိစေရမည်။ ထို့အပြင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအားလုပ်ငန်းဆိုင်ရာ တရားရုံးဖြစ်သည်ဟု မှတ်ယူရမည်လို့ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ မှာ ဖော်ပြထားပါတယ်။ တရားစီရင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်ဆိုပြီးတော့ သီးခြားရေးထားတာရှိပါတယ်။ စာမျက်နှာ ၂၈ မှာ အဲ့ဒီတော့ ယင်းပြဋ္ဌာန်းချက်မှာ ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေ ပုဒ်မ ၂၀ အရ အစားထိုးပြင်ဆင်ထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် ၁၉၇၄ ခုနှစ်မှာ ဥပဒေကိုစတင်ပြဋ္ဌာန်းစဉ်ကတည်းကတည်ရှိခဲ့တဲ့ မူလဥပဒေပုဒ်မ ၄၃ က အောက်ပါအတိုင်းဖြစ်ခဲ့ပါတယ်။ ပုဒ်မ ၇ အရ အစိုးရကတာဝန်လွှဲအပ်သောအဖွဲ့များသည် ဤဥပဒေအရ အမှုကိစ္စဆောင်ရွက်ရာတွင် တရားစီရင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်များရှိစေရမည်။ ထို့အပြင် ယင်းအဖွဲ့များအား လုပ်ငန်းဆိုင်ရာတရား စီရင်ရေးအဖွဲ့များဟု မှတ်ယူရမည်လို့ဆိုထားပါတယ်။ အဲဒါကြောင့် မူလက တရားစီရင်ရေးအဖွဲ့တွေရဲ့ လုပ်ပိုင်ခွင့်များရှိစေရမည်လို့ ပြဋ္ဌာန်းထားခဲ့တာကို တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုရရှိစေရမည်လို့ ပိုမိုတိကျစွာလုပ်ပိုင်ခွင့်ပေးထားတာတွေ့ရပါတယ်။ အဲဒီတော့ လုပ်ငန်းဆိုင်ရာတရားရုံးဖြစ်သည်ဆိုတာ မူလကတည်းက လက်ရှိအားဖြင့်လည်း အပြောင်းအလဲမရှိကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအတိုင်း ပြဋ္ဌာန်းတာတည်ရှိနေတယ်ဆိုရင် ဒီပြဋ္ဌာန်းချက်ရှိနေတယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ လက်အောက်မှာ ရှိတဲ့ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထမ်းတွေကို တရားစီရင်ရေးအာဏာများ အပ်နှင်းထားခြင်းဖြစ်တဲ့အတွက် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း Unconstitutional ဖြစ်ကြောင်း တွေ့နေရပါတယ်။

ဆက်လက်ပြီးတော့ ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)မှာ တရားရုံးများဖွဲ့စည်းခြင်း ပုဒ်မ ၂၉၃ မှာ နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်းဖွဲ့စည်းသည်ဆိုပြီးတော့ အသေးစိတ်ဖော်ပြထားပါတယ်။ အဲဒီမှာ ပါထားတာကတော့ ပုဒ်မ ၂၉၉ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာရှိသော မူလစီရင်ပိုင်ခွင့် အာဏာများကို

ဖော်ပြထားပါတယ်။ အပိုဒ် ၄ မှာလည်း တရားဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြား ကိစ္စများကို ထည့်သွင်းဖော်ပြထားတာတွေ့ရပါတယ်။ အဲဒါဆိုလိုတာကတော့ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်ဥပဒေစတဲ့ ဒီဥပဒေသုံးမျိုးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တင်သွင်းလာတဲ့ လွှဲအပ်မှုများ၊ အယူခံမှုများအရ စီရင်ပိုင်ခွင့် ရှိတာကို ရည်ညွှန်းထားခြင်းသာဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရည်ညွှန်းထားချက်နဲ့ အခု ကျွန်မမေးတဲ့မေးခွန်းက လွဲတဲ့အကြောင်း ရှင်းလင်းတင်ပြတာပါ။ အဲဒီတော့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆) ပုဒ်မ ၂၉၃ တရားရုံးများ ဖွဲ့စည်းခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာကျတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများ၊ စစ်ဘက်ဆိုင်ရာတရားရုံးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးလို့ပဲ ဖော်ပြထားပါတယ်။ လုပ်ငန်းဆိုင်ရာတရားရုံးများလို့ တရားရေးဆိုင်ရာရုံး အသီးသီးမှာ လုံးဝမပါရှိတာတွေ့ရလို့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှာ လက်ရှိကျင့်သုံးနေသော ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်မှာ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်တို့နှင့် အဖွဲ့များသည်လည်းကောင်း၊ ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာမှာ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့အပ်နှင်းထား သောလုပ်ပိုင်ခွင့်များကို ရရှိစေရမည်။ ထို့အပြင်

ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအား လုပ်ငန်းဆိုင်ရာ တရားရုံးဖြစ်သည်ဟု မှတ်ယူရမည်ဟုဖော်ပြ ထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်ဟာ ဝင်ငွေခွန်ဥပဒေအရ အခွန်ဆိုင်ရာစီမံဆောင်ရွက်မှုလုပ်ငန်း များကို ဆောင်ရွက်ရတဲ့အခွန်အရာရှိများနှင့် ပုဒ်မ ၇ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များအား လုပ်ပိုင်ခွင့်များအပ်နှင်းသော ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။

အခွန်အရာရှိများအနေနဲ့ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ပါ တရားမကျင့်ထုံးဥပဒေအရ တရားရုံး သို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရရှိမှသာလျှင် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင် ရွက်နိုင်မည်ဖြစ်၍ လုပ်ပိုင်ခွင့်ပေးထားသော်လည်း ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များကို လုပ်ငန်းဆိုင် ရာတရားရုံးအဖြစ် မှတ်ယူရမည်ဖြစ်ရာ ယင်းတို့ရဲ့လုပ်ငန်းဆောင်ရွက်ချက်ဟာ တရားရေးသဘော ဆောင်သည့် ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ပါ လုပ်ငန်းဆိုင်ရာတရားရုံး ဖြစ်သည်ဟု မှတ်ယူရမည်ဆိုသည့်စကားရပ်အရ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့၏လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍သာ တရားရုံးဖြစ်သည်ဟု မှတ်ယူရမည့်သဘောဖြစ်ပါ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ မှာ တရားရုံးများဖြစ်ကြောင်း ဖော်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် အဆင့်ဆင့်သော တရားရုံးများ၊ စစ်ဘက်ဆိုင်ရာတရား ရုံးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့နှင့် သဘောသဘာဝမတူဘဲ တရားရေးသဘော ဆောင်သောလုပ်ပိုင်ခွင့်( Quasi Judicial Power) အပ်နှင်းဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် ဝင်ငွေခွန် ဥပဒေပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိ ကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။

သို့ပါ၍ ဝင်ငွေခွန်ဥပဒေမှာ လက်ရှိတည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့အပြင် ယင်းဥပဒေပုဒ်မ ၄၃ ပါပြဋ္ဌာန်းချက်များဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခြင်းမရှိတဲ့ အတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြန်လည်ပြီးမေးခွန်းမေးမြန်းခွင့်ပြုပါ။ အခု ပြည်ထောင်စုဝန်ကြီးဖြေသွားခဲ့တာ ဆန့်ကျင်ခြင်းမရှိဘူး တဲ့။ တကယ့်တကယ်ကျတော့ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့က လုံးဝသဟဇာတမဖြစ်ဘဲနဲ့ဆန့်ကျင်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စပေါ်ပေါက်တဲ့အချိန်ကစပါတယ်။ တစ်နည်းအားဖြင့်ပြောလို့ရှိရင် သာမန် အမြော်အမြင်ရှိတဲ့လူလည်း တွေးလို့ရပါတယ်။ ဘာလို့လဲဆိုတော့ အခွန်စည်းကြပ်တဲ့အရာရှိက

ဒီအယူခံရုံးကိုလည်း ဒီအရာရှိ ဒီတစ်ယောက်တည်းပဲကိုင်တယ်။ Appear ကိစ္စကိုကိုင်တဲ့ အရာရှိသည် အခွန်စည်းကြပ်တဲ့အရာရှိ နှစ်ခု စလုံးကို တစ်ယောက်တည်းကိုင်တာက လုံးဝ ဆန့်ကျင်မှုဖြစ်ပါတယ်။ နောက်တစ်ခု ဥပဒေကိုးကားရမယ်ဆိုရင် ၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ မှာ လုပ်ငန်းဆိုင်ရာ တရား စီရင်ရေးအဖွဲ့များကို ဥပဒေနှင့်အညီဖွဲ့စည်းနိုင်သည်လို့ ဖော်ပြထားခဲ့ပါတယ်။ အဲဒီတော့ ဝင်ငွေခွန် ဥပဒေမှာပါတဲ့အဖွဲ့များ၊ ဝင်ငွေခွန်ဆိုင်ရာအရာရှိများက လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ လုပ်ငန်း ဆိုင်ရာတရားစီရင်ရေးအဖွဲ့များလို့ မှတ်ယူရမည်လို့ ပုဒ်မ ၄၃ မှာ ပြဋ္ဌာန်းထားခြင်းဟာဆိုရင် ထိုစဉ်က တည်ရှိခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့ အချိန်ကာလမှာတော့ တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ မှာပါတဲ့ ဤဥပဒေပါ လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုရရှိစေရမည်ဟု လည်းကောင်း၊ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအား လုပ်ငန်းဆိုင်ရာတရားရုံးဖြစ်သည်ဟုမှတ်ယူ ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းတည်ရှိနေခြင်းဟာဆိုရင် တည်ဆဲအခြေခံဥပဒေနဲ့ လုံးဝညီညွတ်ခြင်း မရှိကြောင်း ထပ်မံမေးမြန်းလိုပါတယ်။ လုံးဝကွဲလွဲမှုရှိပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးအနေနဲ့ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ မှာ ပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်နေတယ်လို့ယူဆနေတယ်ဆိုရင် ကျွန်တော်တို့ ဘဏ္ဍာရေး ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို စဖွင့်တဲ့ ပထမနေ့မှာပဲ ဥပဒေလေးခုပြင်ဆင်ဖို့ တင်ပြထားတာရှိပါတယ်။ အဲဒီတင်ပြထားပြီးတဲ့အခါမှာ ဥပဒေလေးခုပြင်ဆင်ဖို့အတွက်ကို လွှတ်တော် ကော်မတီများနဲ့ ကျွန်တော်တို့ပြည်တွင်းအခွန်က ပညာရှင်များ၊ ရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များ ပါလာရောက်ပြီးတော့ ဒီမှာအကျေအလည် ဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ အဲဒီအချိန်မှာပေါ့လေ။ ဒါဥပဒေရေးရာကိစ္စလည်းဖြစ်နေတော့ ဥပဒေ ပညာရှင်များလည်းပါတဲ့အတွက် အဲ့ဒီမှာဝင်ရောက်ပြီးတော့ ဆွေးနွေးမယ်ဆိုရင်တော့ ပိုပြီးတော့ သင့်တော်ကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနလည်းရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ တကယ်လို့များ ဒီရှင်းလင်းတင်ပြချက်ကို ကျေလည်မှုမရှိသေးဘူးဆိုလို့ရှိရင် ဒေါ်တင်နွယ်ဦးအနေနဲ့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး လိုအပ်တာများလည်း ဆက်လက် ဆောင်ရွက်သွားနိုင်တာဖြစ်ပါတယ်။

**ပြည်ထောင်စုအစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ခွဲဝေပေးသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ သန်း ၁၀၀၀ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု ကွန်ဟိန်းမဲဆန္ဒနယ်ကိုယ်စား ဦးစိုင်းသိန်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်မှ မေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ်မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင် ဖြစ်ပါတယ်။ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ဖွံ့ဖြိုးရေးရန်ပုံငွေ သန်း ၁၀၀၀ ကိုမည်သည့်ပုံစံညွှန်ကြားချက်များဖြင့် ချမှတ်ပေးပါသနည်း။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ချထားပေးသောငွေများကို မည်သည့်မြို့နယ်များသို့ခွဲဝေပြီး မည်သည့်လုပ်ငန်းရပ်များတွင် သုံးစွဲထား ပါသနည်း။ ကွန်ဟိန်းမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ပင်းတယမြို့နယ်၊ ညောင်ရွှေမြို့နယ် နှင့် ဟိုပုန်းမြို့နယ်များတွင် အဆိုပါရန်ပုံငွေဖြင့် လုပ်ငန်းများလုပ်ဆောင်ခဲ့ခြင်းရှိ/မရှိ။ ရှိပါက မည်သည့်လုပ်ငန်းများအတွက် သုံးစွဲခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက်လည်း အဆိုပါမြို့နယ်များ အတွက် လျာထားလုပ်ဆောင်သည့်လုပ်ငန်းများ သုံးစွဲမည့်ငွေပမာဏနှင့် ရှမ်းပြည်နယ်တစ်နယ်လုံး အတိုင်းအတာဖြင့် တစ်မြို့နယ်လျှင် မည်မျှသောငွေပမာဏဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ် ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏မေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၁၀၀၀ကို မည်သည့်ပုံစံ၊ ညွှန်ကြား ချက်များဖြင့် ချမှတ်ပေးသည်ကို သိရှိလိုကြောင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်မှစပြီး နှစ်စဉ် ကျပ်သန်း ၁၀၀၀ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ထောက်ပံ့ငွေရငွေအဖြစ် လည်းကောင်း၊ အသုံးစရိတ်ပိုင်းမှာ ထောက်ပံ့ငွေအသုံးစရိတ်အဖြစ်လည်းကောင်း ထည့်သွင်း လျာထားခဲ့ပါတယ်။ ၎င်းထောက်ပံ့ငွေ ကျပ်သန်း ၁၀၀၀ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ သုံးစွဲရန်ထောက်ပံ့ငွေအဖြစ် ခွင့်ပြုလျာထားပေးခြင်းဖြစ်ပါတယ်။ ဒုတိယမေးခွန်း ဖြစ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ချထားပေးသောငွေများ မည်သည့်မြို့နယ်များသို့ခွဲဝေပြီး မည်သည့်လုပ်ငန်းရပ်များတွင် သုံးစွဲထားပါသနည်း မေးခွန်းနှင့် ပတ်သက်ပြီး အဆိုပါ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွဲဝေချထားငွေများကို ရှမ်းပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း လုပ်ငန်းစဉ်(၈)ရပ်တို့မှာ တောင်ကြီးခရိုင်၊ လင်းခေး ခရိုင်၊ လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် ကွမ်းလုံခရိုင်တို့မှာ ကျပ် ၄၂၉၀၂၀၀၀၀/- ကို လည်းကောင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်ခရိုင်တို့တွက် ကျပ် ၁၄၆၀၀၀၀၀၀/- ကိုလည်းကောင်း ရင်းနှီးမြှုပ်နှံမှုအတွက် သုံးစွဲခဲ့ပါတယ်၊ ဒါ့အပြင် ပင်းတယမြို့နယ်၊ ကျားကုန်းကျေးရွာ မီးလင်းရေးအတွက် ကျပ် ၂၅၀၀၀၀၀၀/- ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာ မီးလင်းရေးအတွက် ကျပ် ၁၀၀၀၀၀၀၀၀/- လုပ်ငန်းစဉ်(၈)ရပ်ပါ လျှပ်စစ်မီးလင်းရေးအတွက် ကျပ် ၅၀၀၀၀၀၀၀/- ကွမ်းလုံမြို့နယ်၊ ပန်ဆန်းနမ့်ကျေးရွာအုပ်စု၊ တံတားဦးရွာ၊ မန်ကြပ်ရွာ၊ ကန်မိန်ရွာနှင့် ဝန်ထမ်းရပ်ကွက်များမှ အရင်းအနှီးခက်ခဲသောတောင်သူများသို့ လယ်ယာထုတ်ကုန်လုပ်ငန်းများ အတွက် ကျပ် ၈၀၀၀၀၀၀၀/- ကိုသုံးစွဲခဲ့ပါတယ်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်း

တိုင်းဒေသကြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကျပ် ၂၀၀၀၀၀၀၀/- မိုးမိတ်မြို့နယ်ရှိ ကချင်စစ်ဘေးဒဏ်သင့် ပြည်သူများအတွက် ၁၈၄၈၀၀၀/- မူဆယ်မြို့နယ် နမ့်အွန်ရေရရှိရေးလုပ်ငန်းအတွက် ကျပ် ၁၀၀၀၀၀၀၀/- ကျိုင်းတုံကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ရန် ကျပ် ၈၀၀၀၀၀၀/- ကွန်ဟိန်းမြို့နယ် ကွတ်ပုံ(နားတို)တံတားပြုပြင်ခြင်းအတွက် ကျပ် ၁၄၀၀၀၀၀/- တို့ကိုသုံးစွဲခဲ့ပါတယ်။ ခရိုင်/မြို့နယ်အလိုက်စုစုပေါင်း ကျပ် ၉၉၇၂၇၂၅၀၀/- ကို သုံးစွဲခဲ့ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ ကွန်ဟိန်းမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ပင်းတယမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဟိုပုန်းမြို့နယ်များတွင် အဆိုပါရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားခြင်းရှိ/မရှိ။ ရှိပါက မည်သည့်လုပ်ငန်းများအတွက် သုံးစွဲခဲ့သည်ကို ငွေပမာဏများနှင့် သိရှိလိုခြင်းနှင့်ပတ်သက်၍ အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်အဆိုပါရန်ပုံငွေဖြင့် ကွန်ဟိန်းမြို့နယ်အတွက် ကျပ် ၁၄၀၀၀၀၀/- လင်းခေးခရိုင်အတွက်ကျပ် ၆၀၄၂၀၀၀/- ပင်းတယမြို့နယ်အတွက် ကျပ် ၂၅၀၀၀၀၀၀/- ညောင်ရွှေနှင့် ဟိုပုန်းမြို့နယ်များပါဝင်သော တောင်ကြီးခရိုင်အတွက် ကျပ် ၅၂၄၀၀၀၀၀/- ကိုလည်းကောင်း သုံးစွဲထားကြောင်းသိရှိခဲ့ရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေကျပ်သန်း ၁၀၀၀ ထောက်ပံ့ပေးခဲ့ရာ ၎င်းရန်ပုံငွေမှ ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသမီးလင်းရေးကော်မတီနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဥ်များတွင် သုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကြီးခရိုင်မှာ ကျပ် ၂၁ သန်း၊ လွိုင်လင်ခရိုင်မှာ ကျပ် ၆၆.၅ သန်း၊ လင်းခေးခရိုင်မှာကျပ် ၁၇.၅ သန်း၊ လားရှိုးခရိုင်မှာကျပ် ၄၂.၆ သန်း၊ ကျောက်မဲခရိုင်မှာကျပ် ၈၂.၂ သန်း၊ မူဆယ်ခရိုင်မှာ ကျပ် ၅၆ သန်း၊ လောက်ကိုင်ခရိုင်မှာ ကျပ် ၂၀ သန်း၊ ကျိုင်းတုံခရိုင်မှာကျပ် ၀.၈ သန်း၊ မိုင်းဖြတ်ခရိုင်မှာ ကျပ် ၆ သန်း၊ မိုင်းဆတ်ခရိုင်မှာ ကျပ် ၄၀ သန်း၊ တာချီလိတ်ခရိုင်မှာကျပ် ၆၀ သန်း၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်မှာ ကျပ် ၅၁.၈ သန်း စုစုပေါင်းကျပ်သန်း ၄၉၄.၄ သန်းကို မွေးမြူရေးအစုအဖွဲ့များအတွက် သုံးစွဲခဲ့ကြောင်းသိရှိရပါတယ်။ ဒါ့အပြင် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျေးလက်မီးလင်းရေးအတွက် လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ကျပ် ၅၀ သန်း၊ သီပေါမြို့နယ်၊ ကြံခင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအတွက် ကျပ် ၅၀ သန်း သုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ ရှမ်းပြည်တစ်နယ်လုံး အတိုင်းအတာအဖြစ် တစ်မြို့နယ်လျှင် မည်မျှသော ငွေပမာဏဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ အထက်တွင်ရှင်းလင်းတင်ပြပြီးတဲ့အတိုင်း သုံးစွဲခဲ့ပါကြောင်းနှင့်အဆိုပါသုံးစွဲခဲ့တဲ့ ကိစ္စရပ်များကို ရှမ်းပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြပြီး ဝင်းထောက်ပံ့ငွေများ စီမံသုံးစွဲလျက်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**ပြည်သူများအခွန်ထမ်းဆောင်စေလိုစိတ် မြင့်မားလာစေရန် ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံသည့်စနစ်ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးရန်အချိန်ပေးပင်ပန်းခံ ကြိုးစားနေကြသော လုပ်ဖော်ကိုင်ဖက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၃-၁-၂၀၁၄ ရက်နေ့က ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်နာယကကြီးဖြစ်တဲ့ သူရဦးရွှေမန်းမှလည်း အဖွင့်မေးခွန်းတွင် ပြည်သူ့ဘဏ္ဍာများကို မှန်ကန်မျှတစွာ ခွဲဝေသုံးစွဲရေးအရေးကြီးကြောင်း ဒီ့အတွက် ပြည်သူ့ဘဏ္ဍာငွေများကို ရရှိအောင်ဆောင်ရွက်ရာမှာလည်း တရားမျှတသော အခွန်စည်းကြပ်ကောက်ခံမှုများအတွက် အခွန်ထမ်းဆောင်ထိုက်သော အခွန်ထမ်းပြည်သူများ သိရှိနားလည်ပြီးတော့ တာဝန်သိသိပါဝင်လာအောင် ဥပဒေအရလည်းကောင်း၊ ဥပဒေနဲ့ညီညွတ်သော စီမံခန့်ခွဲရေးနည်းလမ်းများအရလည်းကောင်း၊ ဆောင်ရွက်ကြရမှာဖြစ်ကြောင်းကိုလည်း မိန့်ကြားခဲ့တာကို လေးစားစွာနားလည်မှတ်သားခဲ့ရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ ရွေးချယ်တင်မြှောက်ထားကြသည့် ပြည်သူ့ကိုယ်စားလှယ်များပီပီ မိမိတို့ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်မှာ တင်ပြတောင်းဆိုကြရပါတယ်ခင်ဗျား။ ထိုသို့တောင်းဆိုလို့ရအောင်လည်း နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွန်ငွေတွေရရှိအောင် နိုင်ငံတော်ဘဏ္ဍာငွေတွေ မလေလွင့်အောင် ဘယ်လိုထိန်းသိမ်းကောက်ခံ

ရမယ်။ ရသင့်ရထိုက်တဲ့ အခွန်ငွေတွေကိုတိတိကျကျ ရရှိအောင်ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကိုလည်း စဉ်းစားဖို့လိုမယ်လို့ထင်မြင်တဲ့အတွက်ကြောင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ကြောင်း ရှိသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်တို့ ဒီမိုကရေစီစနစ်ကိုသွားတဲ့အခါမှာ နိုင်ငံတော် တည်ဆောက်ရေး၊ ကာကွယ်ရေးအတွက် အခွန်စနစ်ဟာ လွန်စွာအရေးပါပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်တင်ပြလိုသည့် အခွန်အခရငွေဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကောက်ခံသည့် အခွန်များသာမကဘဲနဲ့ အခြားဝန်ကြီးဌာနအသီးသီးက ကောက်ခံသောအခွန်အခများကိုလည်း ဆိုလိုပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်မှာ ပြည်သူများဟာအခွန်ကောက်ခံတဲ့စနစ်ကို ကောင်းစွာနားလည်သည်ဟု မဆိုနိုင်သေးပါ။ လုပ်ငန်းရှင်ကြီးများနဲ့ အခွန်နဲ့ဆက်စပ်တဲ့လုပ်ငန်းရှင်များသာ အနည်းငယ်နားလည်သည်ဟု ကျွန်တော့်အနေနဲ့ မှတ်ယူပါသည်။ ယနေ့ကျွန်တော်တို့နိုင်ငံတော်မှာ နည်းအမျိုးမျိုးနဲ့အခွန်ရှောင်တိမ်းမှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ၊ အခွန်အခရငွေများ လွန်စွာနစ်နာရပါတယ်။ ယနေ့ ဥပမာ Mobile Team များနဲ့ အကောက်အခွန် ရှောင်တိမ်းမှုများကို စစ်ဆေးတဲ့အခါမှာ ယခင်ကောက်ခံနေတဲ့ အခွန်များထက် ၁၀ ဆကျော် ရရှိနေတယ်လို့လဲသိရှိရပါတယ်။ ထိုကဲ့သို့ အခွန်ကောက်ခံရာတွင် ဥပမာ-စားသောက်ဆိုင်များ၊ Super Market ကြီးများတွင်လည်း အခွန်ကောက်ခံမှုများ၌ အများပြည်သူများထံမှ အခွန်ကောက်ခံမည့်ပြေစာများကို ၎င်းတို့ရဲ့ ကွန်ပျူတာများမှ ထုတ်ပေးတဲ့ပြေစာများဖြင့်သာ ထုတ်ပေးထားပြီးတော့ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှာ ပေးဆောင်တဲ့အခွန်ရုံးတံဆိပ်၊ ထင်ရှားတဲ့တံဆိပ်များ၊ ပြေစာများမပါရှိတဲ့အတွက်ကြောင့် ပြည်သူ့ငွေများ နိုင်ငံတော်သို့တိကျစွာ မဝင်နိုင်လို့ သုံးသပ်ရရှိပါတယ်။ ဒီနေရာမှာသက်ဆိုင်ရာအခွန်ထမ်းပြည်သူနဲ့ သက်ဆိုင်ရာအခွန်ကောက်ခံတဲ့ တာဝန်ရှိသူတို့ပူးပေါင်း၍ အဂတိမလိုက်စားဖို့လည်း ကြီးကြပ်ရန်လိုအပ်မယ်လို့ ထင်မြင်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုသည်မှာ ယနေ့ပြည်သူတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိတယ်လို့ဆိုထားတဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်လာစေရန် ပြည်သူများကို အခွန်ထမ်းဆောင်လိုစိတ်မြင့်မားလာစေရန် အခွန်ရှောင်တိမ်းခြင်းသည် ရှက်ဖွယ်ကိစ္စဖြစ်ကြောင်း၊ အခွန်ထမ်းဆောင်ခြင်းသည် အများအကျိုးသယ်ပိုးခြင်း စိတ်ဓာတ်ဖြစ်ကြောင်း၊ အခွန်ရှောင်သူများကို အများပြည်သူများရဲ့ ကဲ့ရဲ့ရှုံ့ချပြစ်တင်ခံရနိုင်ကြောင်း၊ အခွန်ထမ်းဆောင်ခြင်းကို ဂုဏ်ယူတတ်စေရန် ပြည်သူများအား အသိပညာပေးစေလိုကြောင်းနှင့် သက်ဆိုင်ရာပညာရေးဌာန

စာသင်ကျောင်းများတွင်လည်း နိုင်ငံသားကျောင်းသားကျောင်းသူများ နားလည်အောင် အသိပညာပေး သင်ကြားခြင်းပြုလုပ်သင့်တယ်လို့ ယူဆပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ တွင်လည်း မလိုအပ်ဘဲနဲ့ ထိန်းချုပ်စည်းကမ်းများနေလျှင်လည်းကောင်း၊ တိကျမှုမရှိဘဲ မျှော်ကိုး သဖွယ် ပြစ်ဒဏ်အတိုးအလျှော့ပါနေလျှင် သက်သာမှုရစေဖို့အတွက် လုပ်ပိုင်ခွင့်ရှိသူနှင့် ပူးပေါင်း ဆောင်ရွက်မှုကြောင့် အဂတိလိုက်စားမှုများရှိနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးဝန်ကြီးဌာနအနေ ဖြင့်လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို အခွန်ကောက်ခံမှုနှင့် ပတ်သက် ၍ထုတ်ပြန်ရာတွင် ပြည်သူများနားလည်ရှင်းလင်းလွယ်ကူသော နည်းလမ်းများကိုကျင့်သုံး၍ စီမံ ခန့်ခွဲခြင်းဖြင့် အဂတိကင်းရှင်းပြီး ပြည်သူ့ဘဏ္ဍာငွေများနိုင်ငံတော်သို့ အပြည့်အဝဝင်လာနိုင်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ယနေ့ မြန်မာ နိုင်ငံသည် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေရာတွင် နိုင်ငံတော်၏အသုံးစရိတ်များကို အခွန်အခရငွေများ ပေါ်တွင် အခြေခံသုံးစွဲရခြင်းရှိသဖြင့် ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခွန်စနစ်ကို ပြည်သူများပိုမိုရှင်းလင်းလွယ်ကူစေနိုင်မည့်ကောက်ခံခြင်း၊ အခွန်ပိုမိုရရှိရေးအတွက် အခွန်ထမ်း အသစ်များရှာဖွေခြင်း၊ ယခုလက်ရှိကောက်ခံနေသော အခွန်ကောက်ခံသည့်စနစ်အား ပိုမိုတိကျစွာ ဆောင်ရွက်ခြင်း၊ ဥပမာ-စားသောက်ဆိုင်ကြီးများ၊ Super Market များတွင်အခွန်ကောက်ခံရာ၌ သက်ဆိုင်ရာအခွန်ဦးစီးရုံး၏ တရားဝင်ပြေစာမပါသဖြင့် နိုင်ငံတော်သို့အခွန်ငွေများဝင်ရန်ခက်ခဲခြင်း၊ ပြည်သူများ အခွန်ထမ်းဆောင်စရိတ် မြင့်မားစေရန်မီဒီယာမှတစ်ဆင့် အသိပညာပေးခြင်းစသည့် ယခု တင်ပြချက် အချက်အလက်များကို အကောင်အထည်ဖော်ရန် ပိုမိုကောင်းမွန်ရန် (၁)ကျွမ်းကျင်သော ပညာရှင်များဖြင့် တိုင်ပင်၍လည်းကောင်း၊ (၂) အောက်ခြေမြို့နယ်တွင်ပြည်သူများ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အကြံဉာဏ်များရယူကာ ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံသည့်စနစ် ဖြစ်ပေါ် လာစေရေးအတွက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်လင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိကောက်ခံနေတဲ့အခွန် အမျိုးအစား ၁၄ မျိုးရှိပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် တံဆိပ်ခေါင်းခွန်စတဲ့ အခွန်လေးမျိုးကိုတာဝန်ယူ ကောက်ခံလျက်ရှိ ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိတဲ့ အခွန်လေးမျိုးရဲ့ ကောက်ခံရရှိမှုဟာ နိုင်ငံတော်ရဲ့ အခွန်ဖွဲ့စည်းပုံမှ အခွန် ၁၄ မျိုး ကောက်ခံရရှိငွေစုစုပေါင်းရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ်ကောက်ခံပေးလျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အခွန်အကောက်နှင့် ဘဏ္ဍာရေးစနစ်ကို အခွန် ရငွေနှင့် GDP အချိုးတို့နဲ့ တိုင်းတာလေ့ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများမှာ အခွန် ရငွေနှင့် GDP အချိုးဟာ ၁၀ ရာခိုင်နှုန်းအထက်ရှိသော်လည်း မြန်မာနိုင်ငံရဲ့ အခွန်ရငွေနှင့် GDP အချိုးဟာ ၄ ရာခိုင်နှုန်းခန့်သာရှိတဲ့အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ရင် လျော့နည်းနေပြီး တိုင်းပြည်ရဲ့စီးပွားရေး နှစ်စဉ်တိုးတက်နေမှုနှင့် လိုက်လျောညီထွေမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ခေတ်မီအခွန်စနစ်သို့ ပြောင်းလဲနိုင်ရေးဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အတွက်အခွန်အကောက်ရငွေကို အဓိကရှာဖွေပေးနေတဲ့ ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့ အခွန်မူဝါဒနှင့် အခွန်စီမံခန့်ခွဲမှုစနစ် ပိုမိုခေတ်မီတိုးတက်ရေးအတွက် နည်းပညာနှင့် အတတ်ပညာဆိုင်ရာအကူအညီနှင့် အထောက်အပံ့များရရှိရေးအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည် ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံတကာအခွန်နှင့် ရင်းနှီးမြှုပ်နှံမှုဗဟိုဌာန (ITIC)၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်ဗဟိုဌာန(MDRI)စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိပါတယ်။ အဆိုပါ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကြံပြုချက်များအရ ပြည်တွင်းအခွန်များဦးစီးဌာနကို ပြုပြင်ပြောင်းလဲရေးအတွက် Reform Plan ကိုရေးဆွဲထားပြီးလည်း ဖြစ်ပါတယ်။

နည်းပညာပိုင်းဆိုင်ရာ အကူအညီအထောက်အပံ့ပြုလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) ရဲ့မြန်မာနိုင်ငံအခွန်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ငန်းစဉ်များကို အခြေခံ လျက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ချမှတ်ထားတဲ့ ပြုပြင်ပြောင်းလဲရေးလမ်းပြမြေပုံအရ အခွန်ထမ်း ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self Assement System- SAS) ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စီမံချက်ချမှတ်ထားပြီးဖြစ်ပါတယ်။ စီမံချက်အရ လက်ရှိကျင့်သုံးလျက်ရှိတဲ့ အခွန်ရုံးမှ ခေါ်ယူစည်းကြပ်တဲ့ စနစ်နေရာမှာ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်တဲ့စနစ် (SAS) ဖြင့်

အစားထိုးပြောင်းလဲရေးမှာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အဓိကဦးတည်ချက်ဖြစ်ပါတယ်။ အဆိုပါ ဦးတည်ချက်ကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းကြီးများဆိုင်ရာအခွန်ရုံး (Large Taxpayers Office-LTO)မှာ စတင်ဆောင်ရွက်ပြီး ကျန်အခွန်ထမ်းများကို နောက်မှလိုက်ပါ ဆောင်ရွက်မယ့် နည်းလမ်းများအနက် အရေးပါတဲ့ အခွန်ထမ်းများအားဦးစားပေး ပြုပြင်ပြောင်းလဲ ခြင်းမှတစ်ဆင့် SAS စနစ်ကို အလုံးစုံအကောင်အထည်ဖော်ရေးလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ SAS စနစ်သို့ ကူးပြောင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ကိုကာလအားဖြင့် ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်နိုင်ရေးရည်ရွယ်ထားပြီး ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အခွန်ထမ်းအားလုံးသို့ အကျိုးသက်ရောက် နိုင်ရေးဦးတည်ထားသည်ဖြစ်ရာ ကာလအားဖြင့် သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအခွန်စနစ်အတွက် အလုံးစုံပြုပြင်ပြောင်းလဲမှုကို ၂၀၁၃ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ ရည်မှန်း ထားသော်လည်း SAS စနစ်ကို သုံးနှစ်အတွင်းကူးပြောင်းဆောင်ရွက်နိုင်ရန် စီမံချက်ချမှတ်ထားခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှစပြီး သုံးနှစ်တာကာလအတွင်း ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များကို ဖော်ပြပါမယ်။

ပထမအဆင့် ပြုပြင်ပြောင်းလဲမှုစီမံကိန်းအနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်းမှာအခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTO) ဖွဲ့စည်း တည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ ဝန်ထမ်း အင်အားစုဖွဲ့ခြင်း၊ ဝန်ထမ်းများအား LTO ရုံးလုပ်ငန်းများဆိုင်ရာ အတွေ့အကြုံများရရှိစေရန် ပြည်တွင်း/ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲများစေလွှတ်ခြင်းဖြင့် လေ့ကျင့်သင်တန်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ကိုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးစီမံကိန်းအနေနဲ့ အလယ်အလတ်အခွန်ထမ်းများအတွက် Middle Taxpayer Office (MTO) ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတိုင်း အတာနဲ့ သုံးရုံးမှငါးရုံးအထိထားရှိပြီးတော့ LTO ဖွဲ့စည်းမှုပုံစံအတိုင်းပင် ပြန်လည်ဖွဲ့စည်းရန်ဖြစ်ပါ တယ်။ လိုအပ်တဲ့ ရုံးချုပ်ဖွဲ့စည်းမှုပုံစံနဲ့ လုပ်ငန်းတာဝန်များကို ဖော်ထုတ်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စတင်နိုင်ရန် ရည်မှန်းထားပါ တယ်။

တတိယအဆင့် ပြုပြင်ပြောင်းလဲရေးစီမံကိန်းအနေနဲ့ ကျန်ရှိတဲ့အခွန်ထမ်းငယ်များအတွက် မြို့နယ်အခွန်ရုံးများကို Small Taxpayers Office (STO) အဖြစ်ဖွဲ့စည်းတည်ထောင်ခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအတိုင်းအတာနဲ့ တည်ရှိပြီးဖြစ်တဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို လက်ရှိပုံစံအစား လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ အခြေခံတဲ့ STO ရုံးများအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာစတင်နိုင်ဖို့ရည်မှန်းထားပါတယ်။

ဒါ့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကျင့်သုံးလေ့ရှိတဲ့အတိုင်း တိုက်ရိုက်ခွန်ကို အလေးထားကောက်ခံသည့် စနစ်ကနေပြီးတော့ သွယ်ဝိုက်ခွန်များကို ပိုမိုအလေးထားကောက်ခံတဲ့စနစ်ကိုဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲလုပ်ငန်းခွန်ဥပဒေကိုတန်ဖိုးဖြည့်ခွန် (Value Added Tax) သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (Goods and Services Tax) အဖြစ်ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီမှာ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများကိုလည်း ငါးရာခိုင်နှုန်းတစ်ပြေးညီ သတ်မှတ်ပေးခြင်း အခွန်ခုနှိမ်ခွင့် ရရှိခံစားနိုင်ရေးအတွက် လုပ်နည်းစနစ်များသတ်မှတ်ဖြေလျှော့ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဆက်လက်ပြီးတော့မှ တန်ဖိုးဖြည့်ခွန် သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ကို ကျင့်သုံးနိုင်ရန်လည်းကောင်း၊ အခြားနိုင်ငံများမှာ အရက်၊ စီးကရက်၊ ဇိမ်ခံကားများ ဇိမ်ခံကုန်စည်များအပေါ်မှာ သီးခြားအခွန်နှုန်းများပြဋ္ဌာန်းလျက် သီးသန့်သတ်မှတ်ကုန်စည်ခွန် ကောက်ခံသကဲ့သို့ အထူးစားသုံးမှုခွန် (Special Consumption Tax) ကိုလည်း ပြဋ္ဌာန်းကျင့်သုံးနိုင်မှုကိုလည်းကောင်း နိုင်ငံတကာအခွန်ဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့အစည်းများထံမှ အကြံဉာဏ်များရယူဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီရဲ့ အောက်မှာ Delivery Unit အဖြစ် Sub Committee ၂၆ ခု ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာမှာ ယင်းDelivery Unit များအနက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်တဲ့ အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီဟာ အကောက်ခွန်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိတဲ့ အခွန်လေးရပ်တို့နှင့်စပ်လျဉ်းပြီး ပိုမိုထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်ဖြစ်ပေါ်စေရေးအတွက် မြို့နယ်များမှ ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့ကြီးများမှာ အခွန်အများဆုံးထမ်းဆောင်နေကြတဲ့ လုပ်ငန်းရှင်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ

အသင်းချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့်တွေ့ဆုံပြီးတော့ တည်ဆဲအခွန်ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်ပြီးဆွေးနွေးခြင်း၊ အခွန်ဆိုင်ရာကိစ္စများအား ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခြင်း၊ အခွန်ပညာပေးလုပ်ငန်းများရှင်းလင်းပြောကြားခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့မှုမှာ ရပ်မိရပ်ဖများနှင့် လုပ်ငန်းရှင်ကြီးများမှလည်း လက်တွေ့ဆောင်ရွက်ရာမှာ တွေ့ကြုံရသည့် အခြေအနေများအပေါ် အကြံပြုချက်များနှင့် ပေါင်းစပ်ပြီးထိရောက်တဲ့ အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို အခွန်စနစ်များပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်မှာပါဝင်တဲ့ အခွန်ရုံးများမှ ခေါ်ယူစည်းကြပ်သည့်စနစ် OAS မှ ကိုယ်တိုင်အခွန်စည်းကြပ်မှုစနစ် SAS သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်မည့်အစီအစဉ်များနှင့် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေနဲ့ စည်းကြပ်ကောက်ခံမှုဟာ သွယ်ဝိုက်ခွန်စနစ်အားပိုမိုထိရောက်ကောင်းမွန်စေရန် VAT/GST စနစ်အဖြစ် ကူးပြောင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကိုပြုပြင်ဆောင်ရွက်နိုင်ရန် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ သတင်းအချက်အလက်နည်းပညာပိုင်းဆိုင်ရာအနေနဲ့လည်းပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်) မှာ Data Centre ထားရှိဆောင်ရွက်သွားမှာဖြစ်ပြီးတော့ နိုင်ငံတကာမှာကျင့်သုံးတဲ့အတိုင်း အခွန်ထမ်းများကို အခွန်ထမ်းမှတ်ပုံတင်အမှတ် (Tax Indentification Number -TIN) သတ်မှတ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံတဲ့စနစ် ဖြစ်ပေါ်လာစေရေးအတွက် အထက်မှာတင်ပြခဲ့တဲ့အတိုင်း ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ အောက်ခြေမြို့နယ်များရှိရပ်မိရပ်ဖများ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အကြံပြုချက်များ ရယူခြင်းတို့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**ကျေးရွာများမီးလင်းရေး၊ မြစ်ရေတင်စီမံကိန်းများမရပ်ရေး၊ မီတာထိန်းသိမ်းစောင့်ရှောက်ခများ သက်သာစေရေးတို့ကို ရှေးရှု၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထရန်စဖော်မာများအား ကိုင်တွယ်၍ လျှပ်စစ်ဓာတ်အား ပေးနိုင်/မပေးနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဂံညောင်ဦးဒေသဟာ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သဖြင့် လူနှင့်တိရစ္ဆာန်များ သောက်သုံးရေရရှိစေရန်အတွက်လည်းကောင်း၊ ရေမြေမြင့်၍ စိမ်းလန်းစိုပြေရေးအတွက်လည်းကောင်း၊ ဒေသအလိုက် ဆန်ဖူလုံစေရေးအတွက်လည်းကောင်း နိုင်ငံတော်အကြီးအကဲများမှ အမြော်အမြင်ကြီးစွာနှင့် လျှပ်စစ်မြစ်ရေတင်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါတယ်။ ယခုအခါမှာ လျှပ်စစ်မြစ်ရေတင်များကြောင့် နေ့ဝက်မျှ အချိန်ကုန်ခံ၍ ဧရာဝတီမြစ်သို့ဆင်း၍ ရေခပ်ဆင်းနေရမည့်အစား အိမ်နားတွင် ဖြတ်စီးနေသောမြောင်းများမှ အလွယ်တကူခပ်ယူသောက်သုံးနိုင်ကြပါသည်။ ဆန်၊ စပါးများ လည်းထွက်ရှိနေပါသည်။ တောင်သူလယ်သမားများကလည်း ဆန်၊ စပါးစိုက်ရအောင် သဲဆန်သောမြေကို မြေဩဇာထည့်ရခြင်း၊ ဘောင်များပြုလုပ်ရခြင်း စသဖြင့် အချိန်ကုန်ခံ၍ ပြုလုပ်ထားရပါတယ်။ ယခုအခါ ကြွေးများကြေပြီး တွက်ခြေကိုက်ခါမှ ဒီရငွေ၊ သုံးငွေကွာဟမှုများနေသဖြင့် ရေရှည်တွင် ရေလုံလောက်စွာပေးရန် အခက်အခဲရှိနေပါတယ်။ သို့ပါ၍ ကျွန်တော့်အနေဖြင့် ပြီးခဲ့တဲ့ဩဂုတ်လ ၁၁ ရက်နေ့က လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် အသုံးပြုနေသော လျှပ်စစ်ဓာတ်အားခများကို ၅၀ ရာခိုင်နှုန်း လျှော့၍ကောက်ခံပါရန် လွှတ်တော်တွင်မေးမြန်းခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ရှိကောက်ခံနေသည့် လျှပ်စစ်မီတာခသည် တစ်ယူနစ်လျှင် ၂၂ ကျပ်နှုန်းအရှုံးခံပြီး ဓာတ်အားသုံးစွဲသူများသို့ ရောင်းချနေရသောကြောင့် ဓာတ်အားသုံးစွဲခများကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် အစီအစဉ်မရှိသေးကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဖြေကြားသွားခဲ့ပါတယ်။ ဒါ့ကြောင့် ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ အကြောင်းကတော့ မီတာထိန်းသိမ်းစောင့်ရှောက်ခဟာ တစ်နှစ်မှာမြစ်ရေတင်

၅ ခုအတွက် သိန်း ၅၀၀၀ သက်သာစေရန်ဖြစ်ပါတယ်။ လျှပ်စစ်မြစ်ရေတင်များအတွက် သွယ်တန်းထားသော ၁၁ ကေဗွီအေလိုင်းတစ်လျှောက် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ခွဲရုံများ၊ လျှပ်စစ်ကြိုးမီးလိုင်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပင် ကိုင်တွယ်ခဲ့လျှင် ရေရှည်မှာအဆင်ပြေနိုင်မှု ရှိသည်ဟုယူဆပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ်မြစ်ရေတင်သုံးမီတာခများကို ကောက်ယူနိုင်ခြင်း၊ ကိုင်တွယ်ခြင်းပြုနိုင်/မပြုနိုင် ပြည်ထောင်စုလွှတ်တော်နာယကကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ မေးခွန်းကိုရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပုဂံညောင်ဦးမြို့နယ်မှာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ အဓိကလျှပ်စစ်မြစ်ရေတင်လုပ်ငန်း လေးခုနဲ့တောင်သူများအတွက် စိုက်ပျိုးရေပေးဝေစေလျက်ရှိပါတယ်။ အဆိုပါမြစ်ရေတင်များမှ သုံးစွဲသည့်ဓာတ်အားခကို ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ အခြားစက်ရုံအလုပ်ရုံကြီးများက ဝန်ကြီးဌာနများနည်းတူ ပေးချေလျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနနှင့် စက်ရုံအလုပ်ရုံကြီးများရဲ့ အတွင်းပိုင်းဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ စီမံခန့်ခွဲမှုများမှာ ပါဝင်ဆောင်ရွက်မှု မရှိဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကသာ သက်ဆိုင်ရာလုပ်ငန်းတာဝန်ရှိသူကသာ မိမိလုပ်ငန်းအတွက် စီမံခန့်ခွဲစေတဲ့စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပဲ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနအနေနဲ့လည်း မိမိအစီအစဉ်ဖြင့် မိမိတပ်ဆင်ထားသော ပစ္စည်းကိရိယာများကို မိမိကိုယ်တိုင်စီမံခန့်ခွဲလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာအချက် နှစ်ချက်ပါရှိပါတယ်။ ပထမ အချက်ကတော့ တောင်သူများထံမှရရှိသည့်ရေဖိုးအရနည်းပြီး ပေးဆောင်ရသည့်ဓာတ်အားခနှင့် တွက်ချေမကိုက်ဖြစ်နေတယ်လို့ဖော်ပြပါတယ်။ ဒုတိယအချက်ကတော့ ဓာတ်အားလိုင်းနှင့် နှစ်မိုင် အတွင်းမှာရှိတဲ့ကျေးရွာတွေ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက်ကြောင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနပိုင်တဲ့ ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းများကို အသုံးပြုလာရ မှာဖြစ်တဲ့အတွက် ၎င်းဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းတွေကို ဝန်ကြီးဌာနကနေပြီးတော့ လွှဲပြောင်းရယူ လက်ခံပေးနိုင်ရေး မေးမြန်းထားခြင်းဖြစ်ပါတယ်။ ပထမအချက်ကို ကျွန်တော်ဖြေကြားရရင် ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာနဟာ လုပ်ငန်းနှစ်ရပ်ကို ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ တစ်ခုကတော့ မိမိ တပ်ဆင်ထားတဲ့ ထရန်စဖော်မာများနဲ့ခွဲရုံများရဲ့ Capacity နဲ့မိမိသုံးနေတဲ့ဝန်နဲ့အားတွေ မျှတမှုရှိ/မရှိ သုံးသပ်ရမှာဖြစ်သလို ရေပေးဝေရေးနေရာမှာ ပျောက်ဆုံးမှုရှိ/မရှိကိုလည်း ပြန်လည်စိစစ်သွားဖို့လိုပါ တယ်။ အရှုံးပေါ်နေတဲ့ကိစ္စအတွက်ကတော့ ဓာတ်အားသုံးစွဲသူများနဲ့ ရေအရင်းအမြစ်ဦးစီးဌာနတို့ ညှိနှိုင်းပြီးတော့ အဖြေရှာပေးသွားရမှာပဲဖြစ်ပါတယ်။

ဒုတိယအချက် ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းမှာရှိတဲ့ကျေးရွာများ ဓာတ်အားရရှိရေးဆောင် ရွက်မှုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ် အားဖြန့်ဖြူးရေးလုပ်ငန်း ဒီသုံးခုဟာ ကျွန်တော်တို့ အမြန်ဆုံးညှိနှိုင်းပြီးတော့ သီးခြားဆွေးနွေးဆောင် ရွက်သွားရမယ့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်မှဖွဲ့စည်း ထားတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီက ဒီကိစ္စနှင့်ပတ်သက်လို့ ညှိနှိုင်းတဲ့နေရာမှာ အဓိက ပါဝင်ဆောင်ရွက်ပေးဖို့လိုကြောင်း မှတ်တမ်းပြုထားဖို့လိုပါတယ်။

**ဟုမ္မလင်းမြို့နယ်တွင် တည်ဆောက်မည့် ထမံသီရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းခြင်းမှာ ယာယီ (သို့မဟုတ်) အပြီးတိုင်ဖျက်သိမ်းခြင်းဖြစ်ပါသလားနှင့် ပြောင်းရွှေ့ခံလယ်သမားများကို ၎င်းတို့ လယ်ယာများအား ပြန်လည်လုပ်ကိုင်ခွင့်ရရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှာ ချင်းတွင်းမြစ်ကိုပိတ်ပြီးတော့ တည်ဆောက်မယ့် ထမံသီရေအား လျှပ်စစ်စီမံကိန်းကြောင့် စီမံကိန်းနဲ့မလွတ်ကင်းတဲ့ ကျေးရွာနှစ်ရွာမှအိမ်ထောင်စု ၅၀၀ ခန့်ဟာ ချင်းတွင်းမြစ်ကမ်းဘေး ဟုမ္မလင်းမြို့ရဲ့အောက်ဘက်၊ အရှေ့ဘက်မိုင် ၂၀ ကျော်ခန့်အကွာ ရွှေပြည်အေးမြို့သစ် မြို့တည်ထောင်ပေးပြီး ပြောင်းရွှေ့စေခဲ့ပါတယ်။

၎င်းမြို့မှာ တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်းခွဲ၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကတ္တရာလမ်းခင်းပေးခြင်း၊ ဗုဒ္ဓဘာသာဝင်များအတွက် ကိုးကွယ်ရန်စေတီတစ်ဆူ တည်ပေးခြင်း၊ ခရစ်ယာန်ဘာသာဝင်များအတွက် Church တည်ဆောက်ပေးခြင်းဖြင့် အခြေကျနေ ထိုင်နေကြပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ထမံသီစီမံကိန်းကို အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းလိုက် တယ်လို့ ကြားရပါတယ်။ အဲ့ဒီအခါ ပြောင်းရွှေ့စဉ်ကာလက လယ်ယာများ၊ လက်ဖက်ခင်းများ၊ ဝါးခြံ များ၊ ဓညင်းခြံများ စသည်တို့ကို စွန့်လွှတ်ရွှေ့ပြောင်းခဲ့ရတဲ့အတွက် လယ်သမားများအနေနဲ့ လက်ရှိ ရွှေပြည်အေးမြို့သစ်ထက် မြေသြဇာထက်သန်တဲ့ ကျန်ရစ်ခဲ့တဲ့ ၎င်းတို့လယ်ယာများကို ပြန်လည် စိုက်ပျိုးလိုကြပါတယ်။

ကျန်ရစ်ခဲ့တဲ့ရွာများမှာလည်း ၎င်းတို့လယ်သမားများရဲ့ လယ်ယာများကို ဝင်ရောက်လုပ်ကိုင် နေကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ စီမံကိန်းကို ယာယီရပ်ဆိုင်းခြင်း ဖြစ်ပါသလား၊ အပြီးတိုင် ဖျက်သိမ်းခြင်း ဖြစ်ပါသလား၊ ပြောင်းရွှေ့ခံလယ်သမားများ၊ ၎င်းတို့ရဲ့ လယ်ယာများကို ပြန်လည် လုပ်ကိုင်ခွင့်ရရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးမှ မေးမြန်း

သည့် မေးခွန်းအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့၏ မြောက်ဘက် မိုင် ၃၀ ခန့်အကွာ တဇုန်း ကျေးရွာအနီးမှာတည်ရှိပြီးတော့ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၂၀၀ ဖြင့် မဟာဓာတ်အားလိုင်းသို့ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၅၇၃၇.၄၇ ခန့် ထုတ်လုပ်ဖြန့်ဖြူးသွားရန် ရည်ရွယ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်ပါသည်။

ဒီစီမံကိန်းမှာ နည်းပညာအရသော်လည်းကောင်း၊ စီးပွားရေးရလဒ်အားနည်းမှုကြောင့်သော်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်သက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင် သက်ရောက်မှု မြင့်မားနိုင်တဲ့ အတွက်ကြောင့် ဦးစားပေး အကောင်အထည်ဖော်ရန် မသင့်သေးတဲ့ စီမံကိန်းအဖြစ် နိုင်ငံတော်မှ ဆိုင်းငံ့ထားခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဓာတ်အားလိုအပ်ချက် မြင့်မားလာမှုအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးရေးအတွက် ချင်းတွင်းမြစ်ပေါ်မှာလည်း အနိမ့်တမံ ရေအားလျှပ်စစ်စက်ရုံများ (Low Head Power Plant) တည်ဆောက်ပြီးတော့ ဖြန့်ဝေပေးနိုင်ရေးအတွက် စဥ်းစားခြင်းဖြင့် လူမှု ပတ်ဝန်းကျင်နဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီးတော့ ရေကြောင်းသွားလာမှုပါ ရာသီမရွေး ချောမွေ့နိုင်တဲ့အတွက်ကြောင့်မို့လို့ ယခုတည်ဆောက်ရန် ရွေးချယ်ထားတဲ့နေရာဟာ (Low Head Power Plant) ဖြင့်စဥ်းစားသင့်တဲ့ နေရာတစ်ခုအဖြစ်နဲ့ ရှိနေပါတယ်။

အဆိုပါ ပြောင်းရွှေ့ကျေးရွာ နှစ်ရွာဖြစ်တဲ့ တဇုန်းကျေးရွာနှင့် လေဝေယံကျေးရွာနှစ်ရွာသည် ထိုစဥ်က ပြောင်းရွှေ့စာရင်းအရ အိမ်ခြေ ၂၉၆ လုံးကို ရွှေပြည်အေးမြို့သစ်အမည်ဖြင့် မြို့တည်ထောင် ပြီးတော့ တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်းခွဲ၊ ရေ/မီးရရှိရေး၊ လူမှုရေး/ဘာသာရေးအစရှိတဲ့ အခြေခံများနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ အခြေကျနေထိုင်နေကြောင်းလည်း ကြားသိ ရပါတယ်။ ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တင်ပြမှုမှာ ပြောင်းရွှေ့သွားတဲ့ ရွာဟောင်းနေရာမှာ ကျန်ရှိခဲ့တဲ့ စားပင်၊ သီးပင်နှင့် မြေနေရာများမှာ အခြားမပြောင်းရွှေ့ရတဲ့ရွာများမှ ဝင်ရောက်လုပ်ကိုင် စားသောက်နေတဲ့ကိစ္စအပေါ် ကျွန်တော်တို့အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့စီမံခန့်ခွဲ မှုနဲ့ ဆောင်ရွက်သွားနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားရန်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း JICA မှ ODA Loan ဖြင့် ကျေးရွာ ၁၁ ရွာ ဓာတ်အားရရှိရေးအတွက် မည်သည့်အချိန်နှင့် မည်သို့မည်ပုံသုံးစွဲရန် လျာထားသည်တို့ကို သိရှိလိုခြင်းနှင့် ကျေးရွာမီးလင်းရေး ကော်မတီများတာဝန်ခံကတိပြုစာချုပ်ပါ အချက် ၂၄ ချက်အနက် ခေတ်ကာလနှင့်အညီဖြစ်စေရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ် ကိုယ်စား ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ကိုယ်စား ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျေးရွာ ၁၁ ရွာ၊ လျှပ်စစ်မီးလင်းရေး နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (က) ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ပင်းတယမြို့နယ်နဲ့ ရွာငံမြို့နယ်အတွင်း JICA မှ ODA Loan ဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၆ ရွာအနက် ကျေးရွာ ၁၁ ရွာ ဓာတ်အား ရရှိရေးအတွက် ကျပ်သန်းပေါင်း ၂၉၉.၄ သန်းအား လျာထားပါကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ ၃-၇-၂၀၁၃ ရက်နေ့တွင် ဖြေကြားခဲ့ရာ ဖြေကြားချက်ပါ ၁၁ ရွာအတွက် JICA မှ ODA Loan ဖြင့် ငွေကြေး ကျပ်ငွေသန်းပေါင်း ၂၉၉.၄ သန်းလျာထားချက်နှင့် စပ်လျဉ်းပြီး မည်သည့်အခြေအနေ တွင် ရောက်ရှိနေသည်၊ မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နဲ့ မည်သို့မည်ပုံသုံးစွဲရန် လျာထားကြောင်းကို သိရှိလိုပါသည်။ (ခ) ကျေးရွာကိုယ်ထူကိုထမီးလင်းရေးကော်မတီများ ဆောင်ရွက် ကြတဲ့အချက် ၂၄ ချက်ပါ ကတိဝန်ခံ ချက်နဲ့စပ်လျဉ်းပြီး အချို့သောအချက်များအနေဖြင့် ခေတ်ကာလ အခြေအနေနဲ့ မကိုက်ညီတော့ပါ။ အထူးသဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ပစ္စည်းများနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အလှူခံခြင်း၊ အခမဲ့ရရှိရေး အကူအညီ တောင်းခံခြင်းတို့ကို မပြုလုပ်ပါကြောင်းနှင့် လျှပ်စစ်ဝန်ကြီးအား ပစ္စည်းများအခမဲ့ရရှိရေးအတွက်ကို

လည်း အခြားလူပုဂ္ဂိုလ်များကို အသုံးပြု၍ အကူအညီတောင်းခံခြင်းကိုလည်း မပြုလုပ်ပါကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုး ရမည်။

ကျေးရွာမီးလင်းရေးနှင့်ပတ်သက်၍ ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး စုဆောင်းထားရှိသောငွေဖြင့် လုပ်နိုင်မှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်၊ ကျေးရွာအစီအစဉ်ဖြင့် လုပ်ဆောင်နိုင်မှုမရှိဘဲ အခြားအကူအညီတောင်း၍သော်လည်းကောင်း၊ အလှူခံ၍သော်လည်းကောင်း ပြုလုပ်မည်ဆိုပါက မီးလင်းရေးဆောင်ရွက်မည့်အစီအစဉ်အား ခွင့်မပြုပါ။ အကယ်၍ ခွင့်ပြုပြီးဖြစ်သော်လည်း လိုက်လံအလှူခံဆောင်ရွက်နေကြောင်း သိရှိပါက ခွင့်ပြုထားခြင်းကို ပယ်ဖျက်ပါမည်။

ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ခွင့်ပြုပေးခြင်းသည် လျှပ်စစ်မီးကို ၂၄ နာရီ ဆက်သွယ်အသုံးပြုရန်အတွက် ခွင့်ပြုပေးခြင်းမဟုတ်ပါ။ နောင်တစ်ချိန် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိလာသည့်အခါတွင် လျှပ်စစ်မီးကို အဆင်သင့်ဆက်သွယ်အသုံးပြုနိုင်ရန်အတွက် ကြိုတင်တည်ဆောက်ရန် ဆောင်ရွက်ခြင်းကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ယခုလက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားကို သုံးညခြား တစ်ညခန့်သာရနေမည် ဟုသိရှိထားပါကြောင်း လက်မှတ်ရေးထိုးရမည်ဟုပါရှိရာ ကျေးရွာမီးလင်းရေးကော်မတီများ ခံဝင်ကတိပြုစာချုပ်ပါအချက် ၂၄ ချက်အနက် ခေတ်ကာလနှင့်မညီသောအချက်များအား ခေတ်ကာလနှင့်အညီဖြစ်စေရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ပေးမည်ဆိုသည်ကို သိရှိလိုပါသည်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်၊ ရှာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၏ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရှာငံမြို့နယ်များအတွင်း JICA ODA Loan ဖြင့် ကျေးရွာ ၁၆ ရွာ လျှပ်စစ်မီးရရှိရေးအတွက် JICA နှင့် ၇-၆-၂၀၁၃ ရက်နေ့မှာ Loan Agreement ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ Agreement အရ ချေးငွေဆိုင်ရာ

လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပြီးတော့ Consultant ရွေးချယ်မှုကိစ္စနှင့် ပစ္စည်းဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ်ချုပ်ဆိုရန် JICA မှ Expert များလာရောက်ပြီးတော့ ဆွေးနွေးလျက် ရှိပြီဖြစ်ပါတယ်။ JICA ချေးငွေအနက် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများအတွက် ရရှိမည့်ချေးငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများအတွက် ရရှိမည့်ချေးငွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ဆက်လက်ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ နောက်ထပ်မေးခွန်းတစ်ခုအဖြစ်နဲ့ မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ကော်မတီများလိုက်နာရန် ဝန်ခံကတိပြုချက်များကိစ္စနှင့်စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း ဓာတ်အားလိုအပ်ချက်မြင့်မားလာသည်နှင့်အမျှ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ ဓာတ်အားခွဲရုံများအားလုံး အကောင်အထည်ဖော်ရာမှာ နှစ်စဉ်ဘဏ္ဍာငွေ ခွင့်ပြုမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရပ်ကွက်နှင့်ကျေးရွာများအတွင်း ဖြန့်ဖြူးရေးလိုင်းများအားလုံးအတွက် လတ်တလောအခြေအနေမှာ ပြည့်စုံစွာ အမြန်ဆုံးလျာထားကျခံရေးမှာ အခက်အခဲရှိသည့်အတွက် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ ပူးပေါင်းပါဝင်စေလျက်ရှိခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ယခင်ကာလများက ရရှိခဲ့သော အတွေ့အကြုံများအရ လိုအပ်၍ မီးလင်းရေးကော်မတီများထံမှ ကတိခံဝန်ချက် ၂၄ ချက်ဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ ယခုအခါ မလိုအပ်တော့သည့်အတွက် အချက်အများစုကို ပယ်ဖျက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အချက်က သုံးချက်ပဲ နမူနာတင်ပြထားတာဖြစ်သော်လည်း ကျွန်တော်တို့ဘက်က အချက်ပေါင်းများစွာကို ပြင်ဆင်ဖို့အတွက် အချို့သောမီးလင်းရေးကော်မတီများနဲ့ တိုင်းဒေသကြီးရယ်၊ ကျွန်တော်တို့ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးများကရရှိထားတဲ့ အတွေ့အကြုံများရယ်မူတည်ပြီးတော့မှ ငွေကြေးပိုင်းဆိုင်ရာကိစ္စနဲ့ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများသက်သက်ကိုတော့ သက်ဆိုင်ရာမီးလင်းရေးကော်မတီအနေနဲ့ ပြည်နယ်အစိုးရနဲ့ မီးသုံးစွဲသူများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ရန်နှင့် ကျွမ်းကျင်မှုဆိုင်ရာပါနေတဲ့ ကိစ္စများအတွက်သာ ဝန်ကြီးဌာနကနေပြီးတော့ သဘောတူညီချက် ပါဝင်ရယူဆောင်ရွက်သွားရန်သာ ဖြစ်ပါတယ်။ အထက်ပါအတိုင်း မလိုလားအပ်တဲ့ အချက်အလက်များကို ပြင်ဆင်ပြီးတော့ ခေတ်နှင့်အညီ အမှန်တကယ်လိုအပ်မည့် အားလုံးလက်ခံလိုက်နာဆောင်ရွက်နိုင်တဲ့ အချက်များနဲ့သာ သဘောတူညီမှုရယူသွားရန်စီစဉ်လျက်ရှိပြီးတော့ အမြန်

ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## နိုင်ငံခြားရေးဝန်ကြီးဌာနက သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ နိုင်ငံခြားရေးဝန်ကြီးဌာနက သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံကိုကိုယ်စားပြုမည့် အထူးအာဏာကိုလွှဲအပ်ခြင်းခံရသော သံအမတ်ကြီးများကို မြန်မာနိုင်ငံနှင့်သံတမန်အဆက်အသွယ်ရှိပြီးဖြစ်သည့် သံရုံး၊ ရုံးစိုက်ရာနိုင်ငံများသို့ စေလွှတ်လျက်ရှိရာတွင် လက်ရှိနိုင်ငံတကာကျင့်သုံးလျက်ရှိသော သံတမန်ခန့်အပ်ခြင်းဆိုင်ရာ မူဝါဒနှင့် လိုက်လျောညီထွေစွာ စနစ်တကျရွေးချယ်ခန့်အပ်တာဝန်ပေးအပ်စေလွှတ်နိုင်ရေးအတွက် Political Post အဖြစ် ခန့်အပ်နိုင်သော ပြဋ္ဌာန်းချက်များပါဝင်သည့် သံအမတ်ကြီးများဆိုင်ရာ ဥပဒေမူကြမ်းကို လိုအပ်ချက်နှင့်အညီ ပြုစုရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော် သမ္မတရုံးတို့မှလည်း လက်ရှိအခြေအနေတွင် မိမိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတကာသံတမန်ခန့်အပ်မှုအလေ့အထများနှင့် လိုက်လျောညီထွေစွာ သံအမတ်ကြီးများအား Political Post အဖြစ်ခန့်အပ်ပါက တည်ဆဲဥပဒေကို ပြင်ဆင်မှသာ ဥပဒေနှင့်အညီဆောင်ရွက်နိုင် မည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာသံအမတ်ကြီးများခန့်ထားရေးဆိုင်ရာ လက်ရှိကျင့်သုံးနေသော လုပ်ငန်းစနစ်များနှင့် Political Post အဖြစ် ခန့်အပ်နိုင်သော ပြဋ္ဌာန်းချက်များပါဝင်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းရေးဆွဲတင်ပြ ရန်လမ်းညွှန်မှုပြုခဲ့ပါတယ်ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ Political Post အဖြစ်ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များ၏ အကြံဉာဏ်ရယူပြီး အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲခဲ့ပြီး အဆိုပါ ဥပဒေမူကြမ်းကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ ရှင်းလင်းတင်ပြဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပြီးနောက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး၊ အစိုးရအဖွဲ့အစည်းအဝေးများသို့ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ဥပဒေကိုအတည်ပြုနိုင်ရန်အတွက် ယခု ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဤသံအမတ်ကြီးများဆိုင်ရာဥပဒေတွင် အခန်း(၆)ခန်းနှင့် ပုဒ်မ ၁၇ ခုတို့ဖြင့် ရေးဆွဲထားပါတယ်။ အခန်း(၁)မှာ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပြီး၊ အခန်း(၂)မှာ ခန့်အပ်ခြင်း၊ အခန်း(၃)မှာ တာဝန် နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၄)မှာ ပြန်လည်ခေါ်ယူခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ အခန်း(၅)မှာ လစာ၊ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်ဆိုင်ရာကိစ္စရပ်များနှင့် အခန်း(၆)မှာ အထွေထွေတို့ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရေးဆွဲထားတဲ့ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

## သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်

ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံကိုကိုယ်စားပြုသည့် အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးများကို မြန်မာနိုင်ငံနှင့်သံတမန် ဆက်သွယ်ပြီးဖြစ်သည့်သံရုံးစိုက်ရာနိုင်ငံများသို့ စေလွှတ်လျက်ရှိရာ လက်ရှိနိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သံတမန်ခန့်အပ်ခြင်းဆိုင်ရာ မူဝါဒနှင့် လိုက်လျောညီထွေစွာ စနစ်တကျရွေးချယ် ခန့်အပ်တာဝန်ပေး စေလွှတ်နိုင်ရေးအတွက် ရည်ရွယ်၍ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းကို လိုအပ်ချက်နှင့်အညီ ပြုစုရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၀-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းတွင် အခန်း(၆) ခန်းနှင့် ပုဒ်မပေါင်း ၁၇ ခု ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အစား ၂၀၁၄ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(င) အားသံရုံးဆိုသည်မှာ လက်ခံသည့်နိုင်ငံသို့ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ နှစ်နိုင်ငံ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးအတွက် မြန်မာနိုင်ငံက ဖွင့်လှစ်ထားသော သံတမန်ဆိုင်ရာကိုယ်စားလှယ်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဃ) ဤဥပဒေတွင်ပါရှိသော အိမ်ရှင်နိုင်ငံဆိုသည့် စကားရပ်များအား လက်ခံသည့်နိုင်ငံဟု ပြင်ဆင်ပါသည်။

(င) အခန်း(၂) ပုဒ်မ ၃ အား နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသည်ဟုယူဆသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နိုင်ငံသားတစ်ဦးဦးကိုဖြစ်စေ သံအမတ်ကြီးအဖြစ်ခန့်အပ်နိုင်သည်ဟုပြင်ဆင်ပါသည်။

(စ) ပုဒ်မ ၃ ပုဒ်မခွဲ(စ) သည်မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

(ဆ) အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အား နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာအစီရင်ခံစာများကို ပုံမှန်အားဖြင့် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊ အထူးကိစ္စရပ်များရှိပါက နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးဌာနသို့ တစ်ပြိုင်တည်း တင်ပြခြင်း ဟု ပြင်ဆင်ပါသည်။

(ဇ) ပုဒ်မ ၄ ပုဒ်မခွဲ(င)၏ အောက်တွင် ပုဒ်မခွဲ(စ) အဖြစ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုတွင် မိမိနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း၊ အထူးကိစ္စရပ်များအတွက် အထူးသံတမန်အဖြစ် ဆောင်ရွက်ခြင်း ဟုအသစ်ဖြည့်စွက်ပါသည်။

(ဈ) ပုဒ်မ ၅ အား သံရုံး၌ သံအမတ်ကြီးမရှိခိုက် ထိုသံရုံးရှိ နိုင်ငံရေးတာဝန်ထမ်းဆောင်သည့် အမြင့်ဆုံးသံရုံးဝန်ထမ်းသည် သံရုံးယာယီတာဝန်ခံအဖြစ်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ကြောင်းကို မိမိနိုင်ငံ၏ ဝန်ကြီးဌာနသို့လည်းကောင်း၊ လက်ခံသည့်နိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လက်ခံသည့်နိုင်ငံရှိ အခြားနိုင်ငံများ၏ သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း တစ်ပြိုင်တည်းအကြောင်းကြားရမည်ဟုပြင်ဆင်ပါသည်။

(ည) အခန်း(၄) ခေါင်းစဉ်အား ပြန်လည်ခေါ်ယူခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် အငြိမ်းစားပေးခြင်း ဟုပြင်ဆင်ပါသည်။

(ဋ) အခန်း(၅) ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၅ ရှိ သံအမတ်ကြီးများ ခန့်အပ်ခြင်းခံရသူသည် ဆိုသည့် စကားရပ်အား သံအမတ်ကြီးဟု ပြင်ဆင်ပါသည်။

(ဌ) ပုဒ်မ ၁၄ ပုဒ်မခွဲ(က)ရှိ ကျေနပ်ဖွယ်ရာရှိသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပါက ဟူသည့် စကားရပ်အား တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပါကဟု ပြင်ဆင်ပါသည်။

(ဍ) အခန်း (၆) ပုဒ်မ ၁၆ အား ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မတိုင်မီ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်သည် ဤဥပဒေနှင့်အညီ ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး ဖြစ်သည်ဟုမှတ်ယူရမည် ဟုပြင်ဆင်ပါသည်။

(ဎ) ပုဒ်မ ၁၇ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)ရှိ လိုအပ်ပါက ဆိုသည့်စကားရပ်များအား ပယ်ဖျက်ပါသည်။

၅။ သို့ဖြစ်ပါ၍ သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## နိုင်ငံခြားရေးဝန်ကြီးဌာနကတင်သွင်းသည့် သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၃-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ နည်းဥပဒေခွဲ(ခ)အရ စားသုံးသူကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ စာသုံးသူကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံစီးပွားရေး အသိုက်အဝန်းအောက်တွင်ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မတိုင်မီ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းအား ၁၁-၁၁-၂၀၁၃ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော ကိုယ်စားလှယ်များသည် ၁၄-၁၁-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့ရာ ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ကြခြင်းမရှိခဲ့ပါ။

၄။ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများစိစစ်ရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၃၈ ချက်အနက် ၂၈ ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့ပြီး ၁၀ ချက်အား ပြင်ဆင်ချက်များဖြင့် သဘောတူခဲ့ပါသည်။ အဆိုပါပြင်ဆင်ချက်များမှာ -

(၁) ဥပဒေခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အား ၂၀၁၄ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(၂) အခန်း (၂)၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)ရှိ ရိုးသားပြီး ဟူသောစကားရပ်မှာ မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

(၃) အခန်း(၇)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)ရှိ အာမခံမှုမပြုနိုင်ခြင်း စကားရပ်အား အာမခံမှုပြုခြင်း ဟု ပြင်ဆင်ပါသည်။

(၄) ပုဒ်မ ၁၁ ရှိ ရောင်းချရန်မရှိခြင်းတို့ဖြစ်ပါလျက် စကားရပ်အား ရောင်းချရန်အစီအစဉ် မရှိ ဟု ပြင်ဆင်ပါသည်။

(၅) အခန်း(၈)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ရှိ မှန်ကန်စွာ စကားရပ်အား ပယ်ဖျက်၍ စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးခြင်း ဟုပြင်ဆင်ပါသည်။

(၆) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ရှိ လက်ခံစစ်ဆေးပေးခြင်း စကားရပ်အား လက်ခံစစ်ဆေးခြင်း ဟု ပြင်ဆင်ပါသည်။

(၇) အခန်း(၁၀)၊ ပုဒ်မ ၁၉ ရှိ အောက်ပါပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပိုသော ပြစ်ဒဏ်များကိုဖြစ်စေချမှတ်ရမည် စကားရပ်အား အောက်ပါအရေးယူမှု တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများကိုဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈) ပုဒ်မ ၂၀ ရှိ ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည် စကားရပ်အား ဗဟိုကော်မတီသို့အယူခံဝင်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၉) အသစ်ဖြည့်စွက်ချက် ပုဒ်မ ၃၀ ရှိ စားသုံးသူအငြင်းပွားမှုများကို စကားရပ်ရှေ့တွင် ပိုမိုပြည့်စုံစေရန် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဟု ဖြည့်စွက်ပါသည်။

(၁၀) အခန်း(၁၂)၊ ပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)အား ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီး ဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင် ပါသည်။

၅။ သို့ဖြစ်ပါ၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှအတည် ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါကြောင်းနှင့် နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)နှင့်အညီ ဆုံးဖြတ် အတည်ပြုပေးနိုင်ပါရန် လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ၁၁-၁၁-၂၀၁၃ ရက်နေ့မှာ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာသည့် ကိုယ်စားလှယ် တစ်ဦးမှမရှိပါ။ ဒါ့ကြောင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသား လွှတ်တော်၏ပြင်ဆင်အတည်ပြုချက် ၃၈ ချက်ရှိသည့်အနက် ၂၈ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ၁၀ ချက်အား ပြင်ဆင်ချက်များဖြင့် သဘောတူခဲ့ပါ တယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံတင်ပြ ချက်ကို အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစီအစဉ်ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]